လွတ်လပ်သော မွန်သတင်းအေဂျင်စီ

Date August 10, 2002

ဟံသာဝတီပြန်လည်တည်ထောင်ရေးပါတီ အထွေထွေတွင်းရေးမှူး နိုင်အောင်မိုမ်နှင့်အဖွဲ့ဝင် ၁၁ ဦး မွန်ပြည်သစ်ပါတီတွင် ပြန်လည်လက်နက်ချ

ဒီကနေ့နေ့လယ်ပိုင်အချိန်တွင် ဟံသာဝတီပြန်လည်တည်ထောင်ရေးပါတီ အထွေထွေတွင်းရေးမှူး နိုင်အောင်မိုမ်ဦးဆောင်သည့် ဟံသာဝတီစစ်သား ၁၁ ဦးသည် မွန်ပြည်သစ်ပါတီ ဘုရားသုံးဆူးဒေသ တပ်ရင်းတွင် လက်နက်ချလိုက်ပါသည်။

နိုင်အောင်မိုမ်တို့အဖွဲ့သည် ဟံသာဝတီပြန်လည်တည်ထောင်ရေးပါတီခေါင်ဆောင်ပိုင်းတို့၏ လုပ်ဆောင်ရပ်၊ ရပ်တည်မှုတို့သည် အပြောအဆိုနှင့် မညီမညွတ်၍ ၎င်းအပေါ် စိတ်တိုင်မကြသည့်အတွက် အခုလို မွန်ပြည်သစ်ပါတီအား လက်နက်ချလိုက်ရကြောင်း မွန်ပြည်သစ်ပါတီအာ ဝန်ခံပြောဆိုခဲ့ပါသည်။

''နိုင်အောင်မိုမ်ပေးခဲ့သောစာထဲမှာ သူတို့အဖွဲ့က မွန်အချင်းချင်း ပစ်ခတ်မှုကို မလိုလား၍လည်းကောင်း၊ ဟံသာဝတီပါတီထဲမှာ ညီညွတ်မှုမရှိ၍လည်းကောင်း၊ ဟံသာဝတီပါတီထဲမှာ အမြင်ကွဲလွဲနေတာကြောင့် ရှေ့ဆက်ရပ်တည်နိုင်မည်မဟုတ်ကြောင်း မြင်၍ အခုလို မွန်ပြည်သစ်ပါတီထဲ လက်နက်ပြန်လည်ချရကြောင်း'' မွန်ပြည်သစ်ပါတီ ဗဟိုဆက်ဆံရေးရုံးတာဝန်ခံမှ လွတ်လပ်သောမွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

ဟံသာဝတီပြောရေးဆိုခွင့်ပုဂ္ဂိုလ်မှလည်း နိုင်အောင်မိုမ်လက်နက်ချမှုကို တည်ပြုခဲ့ပြီး ''နိုင်အောင်မိုမ်က နွေမှာ ဘုရားသုံးဆူးဒေသတွင် အကောက်ခွန်ငွေတွေ ၄ သိန်းလောက် ဟံသာဝတီပါတီဗဟိုကို မရှင်းပြဘူး စာရင်းလည်းမပြနိုင်၍ အခုလိုမွန်ပြည်သစ်ပါတီထဲသို့ လက်နက်ဝင်ရောက်ချခဲ့ကြောင်း'' မွန်သတင်းအေဂျင်စီကိုလည်း ပြောခဲ့ပါသည်။

နိုင်အောင်မိုမ်သည် ဟံသာဝတီပါတီနှင့် မသင့်မသင့်ဖြစ်နေတာကြာပြီး၊ ဟံသာဝတီပါတီမှ ခေတ္တနားယူခွင့်ယူထားသူလည်းဖြစ်သည်။ ဒီလိုရပ်နှင့် နားယူနေတဲ့အချိန်မှာ ဟံသာဝတီပါတီတို့၏ ဖိအားပေးမှုကြောင့် အခုလိုမွန်ပြည်သစ်ပါတီ ဘုရားသုံးဆူးဒေသ ဗလတုန်ဖိုက်မှာ လက်နက်ချခဲ့ပါသည်။

ပိုမိုပြီးအချက်လက်သိလိုလျှင် လွတ်လပ်သောမွန်သတင်းအေဂျင်စီသို့ ဆက်သွယ်ပါရန်။
imna_news@yahoo.com